**စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍**

**အများပြည်သူသိရှိရန် အသိပေးကြေညာချက်**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြု တာရှည်ခံ ဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြု အစားအသောက်ထပ်ဖြည့် ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက် ထုတ်ပြန်သည်အထိ စားသုံးခြင်း မပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ဓာတုပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်ပါ အစားအသောက်နမူနာများစာရင်း**

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၁။ | ပဲငါးပိ | လားရှိုး (Plastic Pack) | မြို့မဈေး၊ မကွေးမြို့ မကွေးတိုင်းဒေသကြီး | **ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။** |
| ၂။ | ငရုတ်သီးအနှုမှုန့် | အိအိပို (Plastic Pack) | ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး | **ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။** |

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အမှတ်တံဆိပ်ပါ အစားအသောက်နမူနာများစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | တွေ့ရှိသည့်နေရာ | ခွင့်မပြုဆိုးဆေးပါဝင်မှု/ တာရှည်ခံပစ္စည်းသုံးမှု |
|---|---|---|---|---|
| ၃။ | ရှောက်သီး ဆေးပြား | ရေပုံးရှောက် (Plastic Cup) | အေလာဈေး၊ နေပြည်တော် | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၄။ | ကော်ဖီဂျယ်လီ | ASA (Plastic Cup) | အေလာဈေး၊ နေပြည်တော် | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၅။ | Bayberry | RIGHT SKY (Plastic Pack) | သာဝတ္တိဈေး၊ နေပြည်တော် | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |
| ၆။ | မက်မန်းသီးနှင့် သစ်သီးယိုစုံ | ရွှေနှစ် (Plastic Pack) | တောင်ဇလပ်ဈေး၊ နေပြည်တော် | **Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။** |

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန